ကျွန်းပင်သာကျေးရွာ
မိုးညှင်းမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၂၃ - ၂၀၂၄)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကျွန်းပင်သာကျေးရွာ၊ မိုးညှင်းမြို့နယ်
(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)
၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ

မာတိကာ

မာတိကာ ၁

အတိုကောက်စကားလုံးများ ၄

စကားချီး ၅

ကျွန်းပင်သာကျေးရွာအရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ် ၇

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် **၈**

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၀

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ ၂၁

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၃
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၈

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ **၃၃**

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

(၂) ကဏ္ဍအသီးသီး၏**လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏**စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် **ရေသွင်းဇရိယာ**
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ **မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**
ဇယား ၂၀ **မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ**
ဇယား ၂၁ **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃-က **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား ၂၃-ခ **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် **ပြဿနာနှင့် အခက်အခဲ**များ
ဇယား ၂၄ **ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ**
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား **၂၆** ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ **သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ**
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ **ပညာရေး** အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ **အဖြစ်များသော** ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား

ဇယား ၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေ**ကြောင်း** သယ်ယူပို့ဆောင်ရေး

ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား **၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ**
ဇယား **၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ**
ဇယား ၄၆ ယာဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၇
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၆၉

ကိုးကားစာရင်း ၇၄

အတိုကောက်စကားလုံးများ

AIDS	ခုခံအားကျဆင်းမှုရောဂါ
DRD	ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
HIV	ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ်
MADB	မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
MEB	မြန်မာ့စီးပွားရေးဘဏ်
MMK	မြန်မာကျပ်
MoALI	စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
NGO	အစိုးရမဟုတ်သောအဖွဲ့အစည်း
PRA	ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း
SLRD	ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန
STD	လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ
PTA	မိဘဆရာအသင်း
TB	တီဘီရောဂါ
VDG	ကျေးရွာဖွံ့ဖြိုးရေးအဖွ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ် ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာ များဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ဖေဖော်ဝါရီ၊ ၂၀၂၄

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ကျွန်းပင်သာကျေးရွာ
မိုးညှင်းမြို့နယ်

ကျွန်းပင်သာကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ်


ကျွန်းပင်သာကျေးရွာ သယံဇာတပြမြေပုံ
ရပ်ကွက်
ကုန်းတောင်
ကုန်းတောင်
ကုန်းတောင

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

၁ နိဒါန်း

၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

အစိုးရနှင့် အခြားအဖွဲ့အစည်များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင် မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင် သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ပြည်ထောင်စုကားလမ်းမကြီးပေါ်တည်ရှိပြီး အုပ်ချုပ်ရေးမှူးရုံးစိုက်ရာ မိုးညှင်း မြို့နှင့် ဆက်သွယ်သွားလာရလွယ်ကူသည်။ကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ ဖြစ်ကြသည်။ဒေသ ၏တစ်နှစ်ပျမ်းမျှ မိုးရေမှာ ၈၀မှ၁၀၀ ဝန်းကျင်တွင်ရှိပြီး စိုက်ပျိုးရေးအတွက် အသင့်အတင့်

အထောက်အကူပြုသည်။ကျေးရွာတည်ရှိရာသည်ကုန်းတွင်းပိုင်းတွင်တည်ရှိပြီးဆားငန်ရေဝင်ရောက် မှုမကင်းလွတ်သည်။ကျေးရွာအနီးတွင် တောတောင်မြစ်ချောင်းများမရှိဘဲမြေပြင်အနေအထားမှာ မြေပြန့်ဖြစ်သည်။လယ်ယာမြေများသည် စပါးပဲ စိုက်ပျိုးထုတ်လုပ်ရန်နှင့်သက်မွေးဝမ်းကျောင်း လုပ်ရန်တို့အတွက် အဓိကအားထားရာဖြစ်သည်။

(ခ) သဘာဝအရင်းအမြစ်

ကျေးရွာတွင် လယ်ယာမြေအသင့်အတင့်ရှိကြပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီအသင့်အတင့် ကောင်းမွန်သည်။မြေအောက်ရေ အသုံးပြုမှုနည်းပါးသည်။ထွန်ယက်စိုက်ပျိုးနိုင်သည့်ဧက(၃၇၁) ဧက ရှိပြီး စပါးနှင့်မြေပဲကို အဓိကစိုက်ပျိုးကြသည်။စားကျက်မြေသီးသန့်မရှိတော့ပါ။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း(၈၂)စုနှင့်ကျား(၂၃၆) ၊မ(၂၄၉) ဦးဖြင့် လူဦးရေပေါင်း(၄၈၅) ဦးရှိကာ တစ် အိမ်ထောင်လျှင် ပျမ်းမျှ(၅.၆) ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ဦးထက်များ သည်။ကျေးရွာတွင် ဗမာလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သည့်အရွယ်သည် ကျေးရွာရှိ လူဦး ရေအားလုံး၏ ၇၀.၇% ရှိပြီး အမျိုးသမီးမှာ အမျိုးသားအရေအတွက်ထက် ၉% ပိုများသဖြင့် အမျိုးသမီးများလုပ်ကိုင်နိုင်သည့် အလုပ်များကိုပါထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင်များကို ဖန်တီး ပေးနိုင်ပါက လူစွမ်းအားအရင်းအမြစ်ကို ထိရောက်စွာ အသုံးချနိုင်ပြီးကျေးရွာဖွံ့ဖြိုးရေးအတွက် ပိုမို အထောက်အကူပြုစေနိုင်ပါမည်။

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမန် အားဖြင့် လျော့နည်းသည်။ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စု အားလုံး၏၂၈.၂% သည် ဆင်းရဲနှင့် အလွန်အိမ်ထောင်စုအဆင့်အဖြစ် သတ်မှတ်ကြပြီး ၂၆.၉%သည် ချမ်းသာသည့် အဆင့်၊၄၄.၉%သည် အလယ်အလတ်အဆင့်ရှိကြသည်ဟု သတ်မှတ်ကြသည်။ကျေးရွာတွင်

လယ်ယာမြေပိုင်ဆိုင်မှု၊လက်လှမ်းမှီမှု၊လယ်ယာသုံးစက်ကိရိယာများ ပိုင်ဆိုင်မှုနှင့် ဆည်ရေသွင်း စိုက်ပျိုးနိုင်မှုတို့ကြောင့် ကျေးရွာစီးပွားရေးအနေအထားမှာ အသင့်အတင့်ကောင်းသည်ဟု ပြောနိုင် သည်။ချမ်းသာသော လယ်သမားအိမ်ထောင်စုများအပြင် အခြားလယ်သမားအိမ်ထောင်စုအချို့မှာ လည်း လက်သမား၊ပန်းရံ၊ဆန်ကြိတ်စက်စသော အသေးစား အိမ်တွင်းလုပ်ငန်းများတွင်လည်း ပါဝင် ဆောင်ရွက်ကြသည်။ငွေချေးသော အိမ်ထောင်စုအချို့နှင့် အစိုးရဝန်ထမ်းအချို့လည်း ငွေရေးကြေး ရေးအသင့်အတင့်ပြေလည်ကြသည်။

ယင်းတို့အနက် ဆင်းရဲအဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ပြီး မြေယာအနည်းငယ်မျှ ပိုင်သော လယ်သမားများ၊လက်လုပ်လက်စား၊ဆောက်လုပ်ရေးလုပ်ငန်းခွင်လုပ်သားများနှင့်မြေယာမဲ့ အိမ်ထောင်စုများပါဝင်သည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများပြားသော်လည်း ရာသီအလိုက် စိုက်ပျိုးရေးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊လက်လီစျေးရောင်း၊ဆန်ကြိတ်စက်လုပ်ငန်း၊တနိုင်တပိုင်တွင်အလုပ်အကိုင် ရှာဖွေရရှိနိုင်ကြသည်။ကျေးရွာမှ ဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုများ၏ ၃၀%ဖြစ်သော (၃၁)စု ကို လေ့လာဆန်းစစ်မှုအရ ယင်းတို့၏ ၁၀%မှာ သူတပါးထံမှ ချေးငှားပြီးမှနပ်မှန်စားသုံးနိုင်ကြောင်း၊ ၁၈%မှာ သူတပါးထံမှ မချေးမငှားဘဲ သုံးလခန့်စားသုံးနိုင်ကြောင်း၊၆၀%ခန့်မှာ ၃လမှ၅လခန့်၊ ၁၂% မှာ ၆လမှ၁၂လခန့် သူတပါးထံမှ ချေးငှားစရာမလိုဘဲ နပ်မှန်စားသုံးနိုင်ကြကြောင်း တွေ့ရှိရသည်။ အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သော အိမ်ထောင်စုအားလုံးသည်အကြွေးငွေ ၂၀၀၀၀ ကျပ်မှ၁၀၀၀၀၀ ကျပ်ထိ တင်ရှိနေကြသည်။

အိမ်ထောင်စုအားလုံး၏ ၆%ခန့်သည် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများဖြစ်ကြပြီး ထိုအိမ်ထောင်စုများမှာ ဆင်းရဲကာ မိသားစုဦးရေများပြားကြသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အစား အစာပြည့်ဝမှုရှိကြသည်။ကလေးငယ်အများစုလည်း ကျန်းမာကြသည်။အမျိုးသမီး၊လူငယ်လူရွယ်၊ သက်ကြီးပိုင်းအများစုတို့သည် တကိုယ်ရည် သန့်ရှင်းရေးနှင့်ကျန်းမာရေးအသိအမြင်များရှိကြသည်။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက်နိုင်သော မြို့နယ်ဆေးရုံ၊ဆေးဆိုင်များ နှင့်လက်လှမ်းမီသည်။

ကျေးရွာတွင် ရေတွင်း၊လက်နှိပ်တုံကင်၊မော်တာသုံးတုံကင်များမှ မြေအောက်ရေကို အလွယ် တကူ လုံလောက်စွာရနိုင်ကြပြီး ဝမ်းပျက်ဝမ်းလျှောတိုက်ဖွိုက်၊အစာအိမ်ရောင်စသောရောဂါ ဖြစ်ပွား မှုများ နည်းပါးကြောင်းတွေ့ရသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ ပညာရေး အဆင့်အတန်းသည် အတော်အသင့်ရှိကြောင်းတွေ့ရှိရပါသည်။ရွာသား အများစုသည်အခြေခံအရေး၊အဖတ်၊အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက်မှာ အသင့် အတင့်များပြားသည်။ကျေးရွာတွင် အခြေခံပညာရေးကို ရွာထဲရှိမူလတန်းကျောင်းတွင်တက်ရောက် သင်ကြားနိုင်ကြသည်။သို့သော်သက်မွေးဝမ်းကျောင်းလုပ်ငန်းများဆိုင်ရာ ကျွမ်းကျင်မှုများမှာ နိမ့်ကျ ဆဲဖြစ်ပြီးလူငယ်လူရွယ်များအတွက်အလုပ်အကိုင်အခွင့်အလမ်းများသည်လည်းနည်းပါးဆဲဖြစ်သည်။

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင် ကျားမရေးရာကိစ္စဆိုင်ရာ အနေအထားမှာ လွပ်လပ်မှုရှိသည်။ကျား/မရေးရာ ဆိုင်ရာတာဝန်ယူမှုအပိုင်းတွင်လည်းကျေးရွာအဖွဲ့အစည်းများ၏ စံနှုန်းများအရကောင်းစွာ သတ်မှတ် ထားကြသည်။ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့်ခွဲခြား ဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊အမျိုးသမီးများသည် သာမန်အားဖြင့်ပညာရေးနှင့်အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာ ရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ပညာရေးနှင့်ဆိုင်သော ကိန်းဂဏာန်းများတွင် မူလတန်းအဆင့်၌ အမျိုးသမီးများအတွက်သည် ယောက်ျားလေးအရေအတွက် ထက်နည်းပါးနေပါသည်။သို့သော် ကျေးရွာတွင်နေ့တွက် လုပ်အားခငွေများမှာ အမျိုးသားများက ပိုမို ရကြသည်။ဥပမာအားဖြင့် လုပ်အားသဘာဝနှင့်အင်အားစိုက်ထုတ်ရမှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခလျော့နည်းပြီး ရကြသည်။အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုတို့မှာ အလွန်လျော့နည်းလျက်ရှိသည်။ကျားမတန်းတူညီမျှမှုနှင့်ပတ်သက်၍ အသိပညာပေးခြင်းများကို မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျားမတန်းတူညီမျှမှု ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း(၁)နှင့်စီးပွားရေးဆိုင်ရာ(၁)ဖွဲ့တို့ရှိသည်။လူမှုရေးအဖွဲ့တွင်မူ ကျေးရွာ၏လူမှုရေး၊သာရေးနာရေးကိစ္စများအတွက် ဈေးဝယ်ခြမ်းရေး၊ချက်ပြုတ်ရေး၊ ကျွေးမွေးရေးစသော လုပ်ငန်းအမျိုးအစားအလိုက် တာဝန်ခွဲဝေဆောင်ရွက်မှုများကောင်းမွန်သည်။ ကျေးရွာတွင်စီးပွားရေးအခြေခံအသင်းအဖွဲ့အဖြစ် ရွှေကျွန်းမြိုင်ငွေချေးလုပ်ငန်းရှိသည်။ကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းမရှိပါ။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင်စပါးနှင့်မြေပဲကိုအဓိကထားစိုက်ပျိုးကြသည်။စိုက်ပျိုးရေးဦးစီးဌာနမှနည်းပညာဝန်ဆောင်မှုများ ရရှိနိုင်ကြပြီး စိုက်ပျိုးရေးပစ္စည်း ကုမ္ပဏီများမှလည်းတောင်သူများ အတွက် အလုပ်သမားမလုံလောက်မှု ပြဿနာကိုရင်ဆိုင်ရတတ်ပြီးလုပ်အားခ ပိုမိုပေးမှ အလုပ်သမားများကို ငှားရမ်းရရှိနိုင်ကြကာကုန်ကျစရိတ်မြင့်မားရသည်။တချို့တောင်သူများမှာ အလုပ်သမားရှားပါးမှုနှင့် ကုန်ကျစရိတ်မြင့်တက်မှုတို့ကို ကျော်လွှားနိုင်ရန်စပါးစိုက်ရာတွင် ကြဲပက်စနစ်ကို သုံးကြသည်။ တောင်သူများသည် တခါတရံ မိုးရွာသွန်းမှု မညီမျှမှုရင်ဆိုင်ရတတ်သည်။ရာသီအလိုက် ဖြစ်ပွားတတ်သောတိရစ္ဆာန်ရောဂါများ အထူးသဖြင့် ကြက်လည်လိမ်ရောဂါသည် အဖြစ်များပြီးရောဂါကြောင့် သေဆုံး ပျက်စီးမှုများရှိတတ်ပါသည်။ မွေးမြူရေးပိုင်းဆိုင်ရာအဟန့်အတားအနေဖြင့် ဆင်းရဲသော အိမ်ထောင်စုများက မွေးမြူရေးလုပ်ငန်းတည်ထောင်တိုးချဲ့ရန် ချေးငွေကို အလွယ်တကူ မရရှိနိုင်ကြချေ။ရွာထဲမှ ငွေချေးသူများထံမှ ချေးငှားလျှင်လည်း အတိုးနှုန်းမှာမြင့်မားတတ်သည်။ ကျေးရွာတွင် မွေးမြူရန် ရေမြေနေရာ အဆင်မပြေသောကြောင့်ငါးမွေးမြူရေးလုပ်ငန်းများမရှိပါ။

(ဂ)စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင်အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်များ၊ သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုများ၊ဈေးရောင်း၊အစိုးရဝန်ထမ်းလုပ်ငန်းတို့ဖြစ်ကြသည်။လုပ်ငန်းအများစုမှာ ရာသီဥတုနှင့်အမျိုးအစားအလိုက် တွက်ခြေကိုက်မှုအနည်းအပါးမှ အသင့်အတင့်အနေအထားတွင်ရှိသည်။လက်လုပ်လက်စားများမှာစိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင်များပြီးကျန်အချိန်များတွင် အလုပ်အကိုင်နှင့်ဝင်ငွေမမှန်ခြင်းကြောင့်တွက်ချေကိုက်မှုနည်းပါးသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေများပြားပြီး ထိုအခြေအနေများမှာကျေးရွာ၏အလား အလာကောင်းတစ်ရပ်ဖြစ်သည်။မြို့ပေါ်တွင် သက်မွေးဝမ်းကျောင်းသင်တန်းအချို့ကို ဝန်ဆောင်မှု ပေးနိုင်သောလုပ်ငန်းများရှိကြသည်။အပ်ချုပ်၊ဇာထိုးပန်းထိုး၊ဆံပင်အလှပြင်၊မုန့်လုပ်နည်း၊မော်တော် ဆိုင်ကယ်ပြင်၊မိုဘိုင်းဖုန်းပြင်၊ကားမောင်း၊ဝပ်လျော့စသည်တို့သည် သက်မွေးဝမ်းကျောင်းသင်တန်း များဖြစ်ကြသော်လည်း ရွာသားအများစုသည် အဆိုပါသင်တန်းများနှင့်အထိအတွေ့နည်းပါးကြ သည်။ လုပ်ငန်းခွင်သုံးပညာအရည်အချင်းပိုင်းတွင်လည်းအနည်းငယ် နိမ့်ကျကြပြီး သင်တန်းစရိတ် အကုန်ကျခံနိုင်ရန်နှင့်လုပ်ငန်းထူထောင်ရန်မတတ်နိုင်ကြချေ။ငွေကြေးအဆင်ပြေသော အိမ်ထောင်စု အချို့သာ အပ်ချုပ်၊စက်ပြင်စသော သင်တန်းများသို့ အခကြေးငွေအကုန်ကျခံကာ ပို့လွှတ်သင်ကြား ကြသည်။

(ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် မြေပဲစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်း၊ပိုးသတ်ဆေးနှင့်ဓါတု မြေဩဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာ အရည်အသွေး ကျဆင်းလာနိုင်သည်။တောင်သူများ အနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေးစနစ်အား ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင်လည်း ပလတ်စတစ်အိတ်ခွံ၊ပုလင်းခွံ၊ဗူးခွံများကိုစနစ်တကျ မစွန့်ပစ်ကြ သဖြင့် သဘာဝပါတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။ ကုန်းတွင်းဒေသဖြစ်ခြင်းကြောင့်လည်း မုန်တိုင်းဘေးအန္တရာယ်တို့နည်းပါးသည်။အခါအားလျော်စွာ ကျ ရောက်တတ်သော မိုးခေါင်ခြင်းက သဘာဝအန္တရာယ်တစ်ရပ်အနေဖြင့်ရှိနေဆဲဖြစ်ပါသည်။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှ တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို တစ်နှစ်အတိုးနှုန်း ၅ ကျပ်တိုး၊တစ်သိန်းခွဲကျပ်နှုန်းဖြင့် အများဆုံး ဆယ်ဧကအတွက်ချေးယူနိုင်ကြ သည်။ကျေးရွာသားအများစုသည် ချေးငွေကို အကြောင်းရင်းမျိုးစုံ(ရိက္ခာ၊ကျန်းမာရေး၊ပညာရေး)တို့ အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာတွင်ချေးငွေလိုအပ်ချက်များပြား ကြောင်း တွေ့ရသည်။ကျေးရွာတွင် အကြွေးထားရှိမှုအနေအထားကိုလေ့လာဆန်းစစ်ချက်အရ ပါ ဝင် သောဆင်းရဲနှင့်အလွန်ဆင်းရဲ အိမ်ထောင်စုများအားလုံးသည်အကြွေးယူထားကြပြီး အကြွေးငွေ ၂၀၀၀၀ကျပ်မှတစ်သိန်းကျပ်အထိ ချေးယူထားကြောင်းတွေ့ရှိရသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းပညာကို ၆၀ပေ၊၃၀ပေ၊၉ပေ အရွယ်ရှိသွပ်မိုး၊အုတ်နံရံကာနှင့်အင်္ကတေ အခင်းကျောင်းဆောင်တွင်သင်ကြားပေးသည်။ရွာသားအားလုံးမှာ ရေးတတ်ဖတ်တတ်ကြပြီး၊၁၀%မှာ ဘုန်းကြီးကျောင်း ပညာရေးကိုရရှိထားကြသည်။မူလတန်းအောင်ချက်ရာခိုင်နှုန်းလည်း မြင့်မား သည်။ကျောင်းတွင် ပရိဘောဂတို့လုံလောက်ပြီး မူလတန်းဆရာ/မ ဖဦးရှိသဖြင့် ကျောင်းဆရာ/မ အင်အားလုံလောက်မှုရှိသည်။ လွန်ခဲ့သော ကျောင်းဖွင့်ရာသီကမူလတန်းကျောင်းသားများအတွက် ပြဋ္ဌာန်းစာအုပ်များနှင့် လေ့ကျင့်ခန်းစာအုပ်များကို အခမဲ့ပံ့ပိုးပေးခဲ့သည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းမရှိပါ။ရွာသူရွာသားများအနေဖြင့် အခြေခံ ကျန်းမာရေးစောင့်ရှောက်မှုကို ကျေးရွာတွင်းရရှိနိုင်ကြပြီး ကျေးရွာမှ ၂မိုင်ကွာဝေးပြီး ကားလမ်းဖြင့်

အလွယ်တကူသွားလာနိုင်သောမြို့နယ်ဆေးရုံ၊ဆေးဆိုင်များနှင့်လည်းလက်လှမ်းမီသည်။ မိုးညှင်းမြို့သည်လျှပ်စစ်မီးရရှိသောမြို့ဖြစ်သည့်အလျောက်အအေးခန်းဖြင့်သိုလှောင်ရန်လိုအပ်သော ဆေးများအတွက် ရေခဲသေတ္တာသုံးပြီးသိုလှောင်ထားနိုင်သည်။

သောက်ရေအတွက် လက်နှိပ်ရေတုံကင်နှင့်မော်တာသုံးရေတုံကင်များ တပ်ဆင်သုံးစွဲကြပြီး လုံလောက်မှုရှိသည်။ချမ်းသာသော အိမ်ထောင်စုများက အိမ်သာကျင်းကို အုတ်ဖြင့်ဆောက်လုပ်ထားကြပြီး ဆင်းရဲသော အိမ်ထောင်စုများက ဝါးရိုင်ပတ်ဖြင့် ဆောက်လုပ်သုံးစွဲကြသည်။တစ်ရွာလုံးနီးပါးယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့်ဆက်စပ်ဖြစ်ပွားတတ်သောရောဂါဖြစ်ပွားမှုများနည်းပါးသည်။စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာမှာစနစ်တကျဆောက်လုပ်ထားပြီး ကျောင်းသူ/သားများအတွက် အသုံးပြုရန်လွယ်ကူသည်။

(ဆ)လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့်အနေအထား သီးသန့်မရှိပေ။ သူတို့သည် ကျေးရွာရှိ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင်လည်း ရိုးရာအကများဖြင့် တင်ဆက်ပါဝင်ကြသည်။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းသီးသန့်ဖော်ဆောင်ခြင်းမရှိသေးချေ။

(ဇ) အခြေခံအဆောက်အဦး လမ်းတံတား၊ လျှပ်စစ်စွမ်းအား သတင်းနှင့်ဆက်သွယ်ရေး

၂၀၁၄ ခုနှစ်က ပေ၃၀၀၀အရှည်ရှိ ကျောက်ချောလမ်းကို ကျေးလက်ဦးစီးဌာနကခင်းပေးခဲ့သည်။ကျေးရွာရှိရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပြီး ထော်လာဂျီများကိုအသုံးပြုမောင်းနှင်ကြသည်။ရေလမ်းခရီး အသုံးပြုမှုမရှိဘဲ လမ်းပန်းဆက်သွယ်ရေးအတွက်မော်တော်ဆိုင်ကယ် ၁၀၀စီးနှင့် စက်ဘီးဖြစ်စီး၊ထွေလာဂျီစီး၊နွားလှည်း ၇၁ စီးနှင့်ထရပ်ကား၂စီးတို့ကို အသုံးပြုလျက်ရှိကြသည်။

ကျေးရွာတွင် လျှပ်စစ်မီးကို ၂၀၁၅ ခုနှစ်မှစ၍ ဆက်သွယ်ထားရှိပြီးကျေးရွာရှိအိမ်ထောင်စုအများစုမှာ သွယ်တန်းအသုံးပြုနေကြပြီးဖြစ်သည်။ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့်အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီအသုံးပြုနိုင်ကြသည်။အိမ်တိုင်းနီးပါးမှာ လက်ကိုင်ဖုန်း အသုံးပြုနေကြပြီဖြစ်သည်။ကျေးရွာတွင် စာကြည့်တိုက်အဆောက်အဦမရှိပါ။ရွာသားများသည် သတင်းစာ၊ဂျာနယ်တို့ကိုလည်း ဝယ်ယူဖတ်ရှုကြပြီး တစ်ရွာလုံးအတိုင်းအတာဖြင့် တယ်လီဖုန်းနှင့်သတင်းဆက်သွယ်ရေးမှာ အတော်အသင့်ကောင်းမွန်ကြောင်းတွေ့ရှိရပါသည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူလုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ သို့သော် ရွာသားများသည် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလိုဆက်သွယ်သိရှိ နိုင်သည်။ကျေးရွာတွင် သဘာဝဘေးအန္တရယ်လျော့ပါးရေး အစီအစဉ်သီးသန့်ရေးဆွဲထားခြင်းမရှိပါ။ ရွာသားများသည် ရဲစခန်းသို့ အလွယ်တကူ ချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားခြင်း နည်းပါးသည်။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

ကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့် ဒေသတွင်တည်ရှိပြီး ပြည်ထောင်စုကား လမ်းမကြီးပေါ်တွင် တည်ရှိပါသည်။လမ်းပန်းဆက်သွယ်ရေးအရ အထူးကောင်းမွန်မှုရှိပြီး၊တစ်နှစ်ပတ်လုံး လွယ်ကူချောမွေ့စွာသွားလာနိုင်ပေသည်။

ကျေးရွာနှင့်အနီးဆုံးစျေးမှာ နန်းမားတစ်စျေးဖြစ်ပြီး၊အမယ်စုံလင်စွာရရှိနိုင်ပေသည်။အရေးပေါ်လိုအပ်ပါက မိုးညှင်းစျေးသို့ အလွယ်တကူ သွားရောက်ဝယ်ယူရရှိနိုင်ပေသည်။

ကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓါတ်အားလိုင်းမှ ချိတ်ဆက်သုံးစွဲနိုင်ကြသဖြင့် ထင်းသက်သာသည့် လျှပ်စစ်မီးဖိုဖြင့်ချက်ပြုတ်ခြင်း၊ကျောင်းသူကျောင်းသားများအတွက် စာဖတ်ချိန်အထောက်အပံ့ဖြစ်ခြင်း၊အားလပ်ချိန်များတွင်ဗဟုသုတရဖွယ် သုတ၊ရသနှင့် သတင်းအစုံအလင်အားတီဗွီဖန်သားပြင်မှ ကြည့်ရှုနိုင်ခြင်းစသော လူနေမှုအဆင့်အတန်းမြင့်မားရေးအတွက် အထောက်အကူပြုနေသည်။

ကျေးရွာတွင် ပညာတတ်လူငယ်များရှိပြီး လူဦးရေအများစုမှာ အလုပ်လုပ်နိုင်သည့်အရွယ်များ ဖြစ်ကြသည်။ ဘွဲ့ရအရေအတွက် အသင့်အတင့်ရှိပြီး ကျွမ်းကျင်မှုနှင့်အသက်မွေးဝမ်းကျောင်းသင်တန်းများကို လူငယ်များအား လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို တိုးတက်ကောင်းမွန်စေပါသည်။ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုတို့လည်း အလွယ်တကူ လက်လှမ်းမီနိုင်ကြသည်။ ကျေးရွာ သားများအနေနှင့်လည်း စိုးရိမ်ရသောဆေးဝါးကုသလိုမှုအတွက်လည်း မိုးညှင်းခရိုင်ဆေးရုံသို့ သွားရောက်ပြီး ဆေးကုသမှုခံယူနိုင်ကြသည်။ ကျေးရွာတွင် စာသင်ကျောင်းနှင့်ပံ့ပိုးပစ္စည်းများမှာလက်ရှိပညာရေးအနေအထားအတွက်ကောင်းသောအဆင့်တွင်ရှိနေကြသည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီဩဇာ အတော်အသင့် ကောင်းမွန်သည်။တောင်သူများလည်း လယ်ယာထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင်ရောင်းချနိုင်သည်။မိုးရွာသွန်းမှုမှာ စပါးနှင့်ဆောင်းသီးနှံများ စိုက်ပျိုးရန်အထောက်အပံ့ဖြစ်သည်။လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့်ကျေးရွာထွက်ကုန်များကိုအချိန်မီတင်ပို့ရောင်းချနိုင်သည်။

ကျေးရွာတွင် မွေးမြူရေးထွက်ကုန်ရောင်းချရန် စျေးကွက်ကောင်းသောကြောင့်အထူးသဖြင့် ကြက်နှင့်ဘဲကို တိုးချဲ့မွေးမြူရန် အခွင့်အလမ်းသာသည်။သို့သော် မွေး/ကုဋီစီးဌာနမှ လိုအပ်သောနည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှုကိုလည်း တိုးမြှင့်ဆောင်ရွက်ရန်လိုအပ်သည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို စျေးကွက်နှင့်အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက်လက်လှမ်းမီအသုံးပြုနိုင်ကြသည်။ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာတွင် လယ်ယာမြေများမှာ မြေဆီလွှာအသင့်အတင့်ကောင်းမွန်သည်မှအပ အခြားသယံဇာတများမထွက်ရှိပါ။လယ်ယာမြေကို ထပ်မံတိုးချဲ့ရန်မှာ မဖြစ်နိုင်သဖြင့် လယ်သမားများအဖို့ အထွက်နှုန်းတိုးမြှင့်အောင် အားစိုက်ရပေမည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဆိုင်ရာဝန်ဆောင်မှု ရရှိနိုင်သော်လည်း ဖျက်ပိုးနှိမ်နှင်းရေးနှင့်ပတ်သက်၍ ထိရောက်စွာ အကောင်အထည်ဖော်ပေးသော အစီအစဉ်မရှိသေးပါ။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းနိုင်ရေးကျင့်သုံးနိုင်ရေးအထောက်အပံ့များရရှိရန်လိုအပ်သည်။ကျေးရွာတွင် ငွေတိုးချေးသူများရှိသော်လည်း အတိုးနှုန်းမှာ မြင့်မားတတ်သည်။ဘဏ်မှ ချေးငွေ များကို ကျေးရွာအရောက် ဝန်ဆောင်မှုပေးသော စနစ်လည်းမရှိပေ။

ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းမရှိသဖြင့် အလုပ်အကိုင်နှင့်ပုံမှန်ငွေရရှိနိုင်ရေးအတွက် အကန့်အသတ်ရှိနေပါသည်။ဒေသတွင်လည်း အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်း၊တတ်သိပညာ၊အထိအတွေ့တို့နည်းပါးသည်။

၆။ ပန်းတိုင်နှင့်မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

(က-၁) ကျွန်ုပ်တို့ ကျေးရွာလူထုသည် စိုက်ပျိုးထုတ်ကုန်ထုတ်လုပ်မှုမြင့်တင်ခြင်း၊အလုပ်အကိုင်များဖန်တီး ခြင်း၊သက်မွေးပညာသင်တန်းများရရှိခြင်းမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့်စီးပွားရေးအနေအထားကို တိုးတက်ရရှိစေမည်။

(က-၂) ကျွန်ုပ်တို့ရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှတဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာ စွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

(က-၃) ကျွန်ုပ်တို့ရွာလူထုသည် အသက်မွေးဝမ်းကျောင်းနှင့်စီးပွားရေးအုပ်စုများ ဖွဲ့စည်းပြီး ကျေးရွာ အခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုယန္တရား တိုးတက်လာရမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင် ဖော်ပြခဲ့သော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါ အကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

(ခ-၁) ကျေးရွာတွင်အရင်းအနှီးချေးငွေ၊လယ်ယာသုံးစက်ကိရိယာအသုံးပြုနိုင်ရေးနှင့်နည်းပညာအသုံးချနိုင်စွမ်းရရှိရေးတို့ကိုဆောင်ရွက်ပြီးစိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကိုတိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစားငွေကြေး လုပ်ငန်းနှင့် ချေးငွေများအတိုးနှုန်း သက်သာစွာဖြင့် ပိုမိုရရှိစေရန်အတွက် မြို့နယ်ရှိဘဏ်များ၊ပုဂ္ဂလိက ရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။အရင်းအနှီးငွေရရှိပါက စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချပေးထားမည်။ အလားတူပင် ကျေးရွာတွင် စိုက်ပျိုးရေး၊မွေးမြူရေး နည်းပညာများ ထွန်းကားလာရေးအတွက် စိုက်ပျိုးရေး၊မွေးမြူရေး နည်းပညာ သင်တန်းများတက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာ နည်း

ပညာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးမည်။သင်တန်းတက်သူများကတဖန် ကျေးရွာတွင် ရရှိထားသော နည်းပညာများကို မျှဝေပေးပြီး မိမိတို့ ကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာ ထုတ်လုပ်မှုတိုးတက်စေမည်။

(ခ-၂) ကျွန်ုပ်တို့သည် အပ်ချုပ်၊ဇာထိုးပန်းထိုး၊ယိုနှင့်မုန့်လုပ်နည်း၊ဆံပင်ညှပ်၊စက်ပြင်၊ မော်တော်ဆိုင်ကယ်ပြင်နှင့် မိုဘိုင်းဖုန်းပြင်စသော သင်တန်းတက်ရောက်နိုင်ရန် သင့်တော်သော သင်တန်းသားများကို ရွေးချယ်စီစဉ်ပေးရမည်။ ထိုသင်တန်းများသည် သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကို တိုးပွားရရှိစေပြီး ဝင်ငွေလုပ်ငန်းများ၊ ထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီး လုပ်ငန်းအစီအစဉ်နှင့် ချိတ်ဆက်ပေးမည်။

(ခ-၃) ကျေးရွာတွင် ကျေးရွာလမ်းနှင့်ကျေးရွာဈေးဆောက်လုပ်ကာ ကျေးရွာ၏အခြေခံ အဆောက် အဦများ တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။ တစ်ချိန်တည်းတွင် ကျေးရွာ အဆောက်အဦးများကို အသုံးပြုစီမံခန့်ခွဲထိန်းသိမ်းရေးအတွက် စီမံခန့်ခွဲနိုင်စွမ်းကိုလည်းတိုးတက် အောင်ဆောင်ရွက်သွားကြမည်။ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြုလုပ်ငန်း များကိုအကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန်ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင်ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်မည်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏ မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရ ဌာနဆိုင်ရာများ နှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာ အကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ

ပြုစုဖော်ပြပေးထားပါသည်။ဤအဖွဲ့အစည်းများအနေဖြင့်နိုင်ငံတော်မှတဆင့်မှသည် ဒေသဆိုင်ရာ အဆင့်၊ထိုမှတဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်အထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်း များကိုရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း

ဤ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါသည်။အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်မှ အစိုးရမှရရှိမည်ဟု မျှော်လင့်ပါသည်။ကျွန်ုပ်တို့ ကျေးရွာသားများကိုယ်တိုင်အားထုတ်လုပ်ကိုင်ရရှိခဲ့မှု များကို ပြန်လည်စိစစ်ခြင်း၊နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်းပုံမှန်စိစစ်သွားနိုင်ပါမည်။အရေးကြီးသည်အချက်မှာ ဦးစားပေးစီမံချက်များ နှင့်ဘတ်ဂျက်ပမာဏ နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

(ခ) စိုက်ပျိုးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး

ကျေးရွာတွင် မိုးရာသီတွင် စပါးစိုက်ပျိုးကြသည်။နွေရာသီအချိန် မြေပဲ၊ပဲငပိတို့ကို သီးထပ် အဖြစ်စိုက်ပျိုးကြသည်။တောင်သူများအတွက် သီးနှံဖျက်ပိုးကျရောက်ခြင်းသည် အဓိကပြဿနာ တစ်ရပ်ဖြစ်ပြီးဖျက်ပိုးထိရောက်စွာနှိမ်နှင်းရေးအတွက် နည်းစနစ်ရရှိရေးလိုအပ်သည်။ဖျက်ပိုးနှိမ်နှင်း ရေးအတွက် သက်ဆိုင်ရာဦးစီးဌာနမှ ဝန်ဆောင်မှုများကို ရသော်လည်း စိုက်ပျိုးရေးထွက်ကုန်ပစ္စည်း

များရောင်းချသည့် ပုဂ္ဂလိက အရောင်းဆိုင်များကို မှီခိုအားထားမှုပိုများသည်။သီးနှံဖျက်ပိုးသတ်ဆေး အချို့ကိုခံနိုင်စွမ်းရှိကြကာတောင်သူများအတွက် သီးနှံပျက်စီးမှုနှင့်ဝင်ငွေလျော့နည်းမှု ဖြစ်စေသည်။ နည်းပညာအသုံးပြုပုံများအပါအဝင် ပိုးမွှားနှိမ်နှင်းရေးနည်းပညာအသစ်ရရှိရေးအတွက် စိုက်ပျိုးရေး ဦးစီးဌာနက ဦးစီးဦးရွက်ပြုသင့်ပါသည်။

(ဂ) **ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ**

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊အလယ်အလတ်တောင်သူနှင့်တောင်သူကြီး များအတွက် လိုအပ်သော ချေးငွေရရှိစေရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။အထူးသဖြင့် လယ် သမားနှင့်အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့်အသေးစားစီးပွားရေးလုပ်ငန်းများအတွက် အထိုက်အလျောက်များပြားသည့် ချေးငွေလိုအပ်ပါသည်။ကျေးရွာတွင် သမဝါယမ အသင်းဖွဲ့စည်း ထားခြင်းမရှိသေးသဖြင့် ချေးငွေလိုအပ်သူ ရွာသားများအတွက်ချေးငွေအစီအစဉ်ကိုဆောင်ရွက်သင့် သည်။

(ဃ) **ကျေးလက်အသေးစား စက်မှုလက်မှုလုပ်ငန်းဆိုင်ရာအထောက်အပံ့**

ကျေးရွာတွင်း အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းရရှိရန် အထူးသဖြင့်လူငယ်နှင့်အမျိုးသမီးများအတွက် အခွင့်အလမ်း ရှိပါသည်။သို့သော် ၎င်းတို့တွင် လုပ်ငန်းဆိုင်ရာ၊စီမံအုပ်ချုပ်မှုနည်းပညာ၊ဈေးကွက်၊သတင်းအချက် အလက်များကို လက်လှမ်းမီမှုတွင်အားနည်းသည်။ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုးကွဲပြားနေသော လုပ်ငန်းများ(ကုန်ထုတ်ခြင်း၊စက်မှုလက်မှုလုပ်ငန်း)အတွက် လုပ်ငန်းစီမံခန့်ခွဲရေးထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင်ထည့်သွင်းရေးဆွဲရန်ခက်ခဲပါသည်။ကျွန်တော်တို့ ကျေးရွာ မှအသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းသစ်များယခုအခါ အဆင်သင့် မတွေ့ရသေးပါ။နိုင်ငံတော်အစိုးရအနေဖြင့်လည်း စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုအဖွဲ့တစ်ခု ထူထောင်ပြီး၊မြို့နယ်အဆင့် စီမံခန့်ခွဲမှုထားရှိကာ တစ်နှစ်ပတ်လုံး ဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင် တချို့နှင့်တိုးချဲ့ပညာရေးဝန်ထမ်းအချို့ပါဝင်မည်ဖြစ်ပြီး ၊ မြို့နယ်ဒေသမှ ကျေးရွာအထိ လိုအပ်သော စီးပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲမှုအထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက်လုံလောက် သောရန်ပုံငွေလည်းရှိရပါမည်။

၈။ စီမံကိန်း၊စီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့် ဗျူဟာဆိုသည်မှာချမှတ်ထားသော ပန်းတိုင် များကိုရောက်ရှိရန်အကောင်ထည်ဖော်မည့်နည်းလမ်းဖြစ်သည်။ထို့ကြောင့်စီမံချက်များသည် ချမှတ် ထားသောပန်းတိုင်များကိုရောက်ရှိရန် ငါးနှစ်တာစီမံချက်ကာလအတွင်းပါဝင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

(က) **နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

